

၉၀၁၂
တော်
လှန်
သော
ဝတ္ထု
Shwe Yone

## ရွှေပြည် ၅၀၁၂ နှင့် ပတ်သက်၍ ဝန်ခံချက်

ရွှေပြည် ၅၀၁၂ ဝတ္ထုသည် စာရေးဆရာမ ဝင့်ပြုံးမြင့် ဘာသာပြန်ရေးသားသော ဂျော့အောဝဲလ်၏ ကမ္ဘာကျော် ဝတ္ထု ၁၉၈၄ အားမှီငြမ်း၍ ရေးသားထားခြင်းဖြစ်သည်။ ရွှေပြည် ၅၀၁၂ ဝတ္ထုသည် ၁၉၈၄ ဝတ္ထု၏ ဇာတ်လမ်းကျောရိုးအနည်းငယ်အားမှီးယူ၍ ရေးသား ထားသော်လည်း ဝတ္ထုပါ အကြောင်းအရာအများစုမှာဒီကနေ့ ကျွန်တော် တို့ ကြုံတွေ့နေရသောအခြေအနေများစွာကိုအခြေခံထားရေးသား ထားခြင်းဖြစ်သည်။

၁၉၈၄ ဝတ္ထုသည် ကမ္ဘာကျော်ဝတ္ထုကြီး ဖြစ်သည့် အလျောက်ဘာသာပြန်ဆိုသောစာရေးဆရာမ ဝင့်ပြုံးမြင့်၏ အရေး အသားများ၊ စကားလုံးအသုံးအနှုန်းများသည်လည်းထူးခြားဆန်းသစ်၍ အနုပညာရသမြောက်လွန်းပါသည်။ အနုပညာရသမြောက်မှု၊ စကား လုံးသစ်ဆန်းတီထွင်နိုင်မှု၊ ဇာတ်အိမ်ခိုင်ခန့်မှု၊ ဆွဲဆောင်နိုင်မှု စသည်ဖြင့် အဘက်ဘက်၌ ရွှေပြည် ၅၀၁၂ ဝတ္ထုသည် ၁၉၈၄ အားမမီနိုင်သော် လည်း ပြန်လည်ရေးသားလိုသောစိတ်ဆန္ဒအာသီသ ပြင်းလွန်း၍ ရေးသားလိုက်ခြင်းသာ ဖြစ်ပါသည်။

ရွှေပြည် ၅၀၁၂ ဝတ္ထု အားဖတ်ရှု၍ အားရကျေနပ်မှု တစ်စုံတစ်ရာခံစားရပါကမူရင်းစာရေးဆရာ ဂျော့အော့ဝဲလ်နှင့် ဘာသာပြန်သူစာရေးဆရာမ ဝင့်ပြုံးမြင့်တို့၏ ရသမြောက်အရေး အသား၊ အတွေးအခေါ် ဆန်းသစ်မှုများတို့၏ အကျိုးကျေးဇူးတို့ ကြောင့်သာ ဖြစ်သည်ဟု ဝန်ခံပြောကြားလိုပါသည်။ အကယ်၍ ဤဝတ္ထု၏ အားနည်းချက်များချို့ယွင်းချက်များဖတ်ရှု၍ စိတ်မကျေနပ် မှုများ ဖြစ်ပေါ်လာပါက ယင်းအားနည်းချက်များသည် ကျွန်တော့် အားနည်းချက်

ညှိုဖျင်းချက်များသက်သက်သာဖြစ်ကြောင်း ဝန်ခံလို ပါသည်။

**မှူးသစ်**

*

## မှူးသစ်ရဲ့ ရွှေပြည် ၅၀၁၂ ဝတ္ထုအတွက် အမှာ

မင်းခက်ရဲ

"I do not believe that the kind of society I describe necessarily will arrive**ç** but I believe that something resembling it could arrive.

**George Orwell**

(Collected Essays**ç** Journalism and Letters of George Orwell; 4 volumes**ç** edited by Sonia Orwell and Ian Angus; London**ç** 1968)

ကျွန်တော်ဖော်ပြတဲ့ လူ့အဖွဲ့အစည်းမျိုး မလွဲမသွေရောက်လာလိမ့်မယ်လို့ ကျွန်တော် မယုံကြည်ပါဘူး။ ဒါပေမယ့် ဒီလိုလူ့အဖွဲ့ အစည်းနဲ့ တစ်စုံတစ်ရာဆင်တူတဲ့ လူ့အဖွဲ့အစည်းမျိုးတော့ဖြင့် ရောက်လာနိုင်တယ်။

**ဂျော့ခ်ျအိုဝဲလ်**

အိုဝဲလ်ကသူ့ရဲ့ ၁၉၈၄ ဝတ္ထုကို အနာဂတ်လူ့အဖွဲ့အစည်း တစ်ခုကို မျှော်မှန်းပြီး ဖော်ပြခဲ့တယ်။

အဲဒီ လိုလူ့အဖွဲ့အစည်းနဲ့ဆင်တူ လူ့အဖွဲ့အစည်းမျိုးတွေ အနာဂတ်မှာ ကြုံတွေနိုင်တယ်လို့ မျှော်မှန်းခဲ့တယ်။ အခု ဝတ္ထုရေးဆရာ ကိုမှူးသစ်က အိုဝဲလ် ကြိုမြင်ခဲ့တဲ့ ၁၉၈၄ ပါ ထိန်းကျောင်း ကွပ်မတ်မှု တွေလုပ်နေတဲ့ လူအဖွဲ့အစည်းမျိုးကို ကျွန်တော်တို့ရဲ့ ပစ္စုပ္ပန်လူ့ အဖွဲ့အစည်းကြီးထဲမှာ ကြုံတွေ့ခဲ့ရနေပါပြီလို့ သူ့ဝတ္ထုမှာ ဖော်ပြလာ ပါပြီ ။

ဝတ္ထုရေးသူ မှူးသစ်ကတော့ အနာဂတ်မြော်မြင်ချက်မဟုတ် တော့ဘဲ ပစ္စုပ္ပန်လူ့အဖွဲ့အစည်းကို ခွဲခြမ်းစိတ်ဖြာရင်း သရုပ်ဖော်ပြ နေတာဖြစ်တယ်။ ဆိုလိုချင်တာက မှူးသစ်ရဲ့ ဝတ္ထုက ၅၀၁၂ ကို အခြေခံထားတယ်ဆိုပေမယ့် ဒါဟာ ဝတ္ထုထဲမှာပါတဲ့ သိစိတ်ကို ထောက်လှမ်းရေးလုပ်နိုင်တယ်ဆိုတဲ့

နည်းပညာတိုးတက်မှုအရသာလျှင် အနာဂတ်ကို ပြထားတာဖြစ်တယ်။ တကယ့်တကယ်တမ်းက အိုဝဲလ် ဆိုလိုခဲ့တဲ့ ''ဒီလိုလူ့အဖွဲ့အစည်းနဲ့တစ်စုံတစ်ရာ ဆင်တူတဲ့ လူ့အဖွဲ့ အစည်းမျိုးတော့ဖြင့် ရောက်လာနိုင်တယ်'' ဆိုတဲ့ အမြင်ကို မှူးသစ် က သူ့ရဲ့ ရွှေပြည်ဝတ္ထုမှာ အတည်ပြုလိုက်တယ် လို့ဆိုရမယ်။

တကယ်လည်း ကျွန်တော်တို့တွေဟာ လူသားရဲ့ သာမန် သိမှုတွေထဲအထိ ဝင်ရောက်ထိန်းချုပ်နေတဲ့ လူ့အဖွဲ့အစည်းထဲမှာ တုံဏှိဘာဝေနေနေရတဲ့ လူတွေပါပဲ။ စာရေးသူမှူးသစ်ကလည်း ဒီလို ကျွန်တော်တို့အားလုံး ကြုံတွေ့နေရတဲ့ လူ့အဖွဲ့အစည်းအတွက် ၁၉၈၄ ကို ဖတ်ရင်း အနုပညာနဲ့ အသိပညာ ဆိုင်ရာနိုးကြွမှု ဖြစ်ခဲ့ပုံရပါတယ်။ တနည်းအားဖြင့် အိုဝဲလ်က သူ့ဝတ္ထုကို ဒိုင်စတိုးပီယားဆိုတဲ့ ဆုတ်ယုတ် ပျက်စီးနေတဲ့ အနာဂတ်စိတ်ကူး ယဉ်လူ့အဖွဲ့အစည်းထဲမှာ တည် ဆောက်ခဲ့ရသလောက်၊ မှူးသစ်ကတော့ ပစ္စုပ္ပာန်လူ့အဖွဲ့အစည်းကို ကြည့်ရင်းတည်ဆောက်ခဲ့တာပါ။

သူ့ရဲ့ ဝတ္ထုမှာ(အိုဝဲလ်မူလရေးသားခဲ့တဲ့ ခုနှစ် ၁၉၄၈ကို ပြောင်းပြန်လှန်ခဲ့သလိုပဲ ) ရွှေပြည် ၅၀၁၂ ရယ်လို့ ရေးသားဖော်ပြ ထားပေမယ့် ဝတ္ထုပါအချက်အလက်တွေဟာ ယနေ့ကျွန်တော်တို့ရဲ့ လူ့အဖွဲ့အစည်းထဲမှာ လက်တွေ့ဖြစ်ပျက်နေတာကို တွေ့ရမယ်။

ဝတ္ထုရေးဆရာ မှူးသစ်ဟာ ဒဿနပညာ၊ နိုင်ငံရေးနဲ့ အနုပညာဆိုတဲ့ အရာသုံးခုကို ပေါင်းစပ်ပြီး တင်ပြထားတယ်။ နိုင်ငံရေး၊ ဒဿနပညာတို့ပေါင်းဖက်လိုက်တဲ့ ဝတ္ထုတွေရဲ့ ထုံးစံအတိုင်း သူ့ဝတ္ထု ဟာ အနုစိတ်ခြယ်မှုန်းတဲ့ ပုံစံထက် ခပ်ကြမ်းကြမ်းလက်ရာကြမ်း တစ်ခုကို တင်ပြထားတဲ့ ဟန်ကိုယူတယ်။ ဒါကလည်း ဒဿနကဲတဲ့ ဝတ္ထုတိုင်းမှာ တွေ့ရတဲ့ ဟန်ပန်မျိုးပဲ။ ကိုယ့်ရဲ့ နိုင်ငံရေးနဲ့ ဒဿန ဆိုင်ရာကို ပြောချင်တော့ကာ အဲဒီ လို လက်ရာကြမ်းတစ်ခုအနေနဲ့ တည်ဆောက်ရတဲ့ သဘောရှိတယ်။ တစ်ဖက်မှာလည်း နိုင်ငံရေး အတွေးအခေါ်၊ နိုင်ငံရေးခေတ်ကာလတစ်ခုကို ဝေဖန်ဆန်းစစ်ပြတဲ့

အခါတိုင်းလိုလိုမှာတွေ့ရတဲ့ ဇာတ်ကောင် စရိုက်ပုံ သဏ္ဍာန် တစ်ခုကိုလည်း မှူးသစ်က မျက်ခြေမပြတ်ခဲ့ဘူး။ သူ့ရဲ့ ဇာတ်ကောင် ကြည်သာက သူရဲကောင်း လည်းဖြစ်၊ တစ်ချိန်တည်းမှာလည်း သား ကောင်းဖြစ်နေရရှာတဲ့ သူရဲကောင်း-သားကောင် ( Hero-victim) ကို ခိုင်ခိုင်မာမာ အခြေခံထားတာကိုတွေ့ရမယ်။ အဓိကဇာတ်ကောင် ( Protagonist ) တစ်ဦးဖြစ်တဲ့ ကြည်သာ ကို သူ့ချစ်သူ ထရီဇာ၊ တာယာတို့နဲ့ယှဉ်ပြီး ကြည့်ရင်း သူ့ရဲ့ Hero-victim အနေအထား ဟာပေါ်လွင်တယ်။ သူဟာ ဘဘကြီးနဲ့ ကယ်တင်တပ် အတွင်းက သားကောင်ဖြစ်နေခဲ့ပြီး တပြိုင်နက်တည်းမှာပဲ သူ့ရဲ့ ပုဂ္ဂလိက သူပုန်ထလိုစိတ် (Personal treason) အတွင်းကနေ သူရဲကောင်း တဖြည်းဖြည်း ဖြစ်လာတာကိုအထင်းသားတွေ့ရမယ်။

မှူးသစ်က ပစ္စုပ္ပန်ကျတဲ့ လူ့အဖွဲ့အစည်းကို ကိုင်တွယ်ပြ တဲ့အခါ ယနေ့ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်းဖြစ်ပေါ်နေတဲ့ လက်နက်ကိုင်ပဋိပက္ခလိုထင်ရှားတဲ့ အရာတွေကိုသာမကဘူး၊ လူသားရဲ့ နေ့စဉ်လူနေမှုဘဝအတွင်းမှာ စိုးမိုးနေတဲ့ တရားမျှတမှုကင်းမဲ့ နေတဲ့ ဘာသာရေးအလေ့အကျင့်ဆိုးတွေ၊ လူ့အခွင့်အရေးဆုံးရှုံးမှုတွေ ကိုပါ ဖော်ပြတာကိုတွေ့ရမယ်။

သဘောကတော့ မှူးသစ်က ကျွန်တော်တို့ ဘေးပတ်လည် မှာရှိတဲ့ နိုင်ငံရေးနဲ့ လူမှုရေးဘဝတွေကို အသေအချာကြည့်ရှုတတ်ဖို့ ပြောပြနေတာပါပဲ။ ကျွန်တော်တို့ ဘေးပတ်လည်မှာရှိနေတဲ့ နိုင်ငံရေးနဲ့ လူမှုရေးဘဝတွေကို သတိထားကြည့်လိုက်ရုံသက်သက်နဲ့ ကျွန်တော် တို့ရဲ့လူ့အဖွဲ့အစည်းမှာ တင့်တယ်ကောင်းမွန်မှု ( Decency ) မှန် သမျှပျောက်ဆုံးနေပြီ၊ အများပြည်သူလူထုရဲ့ ကောင်းမြတ်မှု (Public Virtue ) တွေမှန်သမျှ မရှိတော့ဘူးဆိုတာကို တွေ့ရမယ်လို့ မှူးသစ်က သူ့ရဲ့ ဝတ္ထုမှာ သတိပေးနေခဲ့တာပါ။

စနစ်စကျလုပ်ကိုင်နေတဲ့ ကြောက်ဖွယ်ရာအမှုတွေကို ကျူး လွန်နေတဲ့ လူ့အဖွဲ့အစည်းထဲမှာ လူသားဆန်မှုမှန်သမျှ ယုတ်လျော့ သွားခဲ့ပါပြီ ဆိုတာကိုလည်း

ကြည်သာအပေါ် စက်ရုပ်ရယ်လို့ ခိုင်နှုန်း သုံးနှုန်းမှုတွေကနေ ဖော်ပြပေးခဲ့တယ်။ တနည်းအားဖြင့် ယနေ့အခြေ အနေတစ်ရပ်ဟာ ပြည်သူပြည်သားမှန်သမျှ သနားကြင်နာမှုမှန်သမျှကို လစ်လျူရှုခံနေရတဲ့ အခြေအနေ ဝါသနားကြင်နာမှု သေဆုံးဖြင်း (The Death of Pity) ဆိုတာကို မှူးသစ်က ကောင်းကောင်း ဖော်ပြနိုင်ခဲ့တယ်။

ရွှေပြည် ၅၀၁၂ ထဲက လူ့အဖွဲ့အစည်းနှင့်ကြည်သာ ရွှေပြည် ၅၀၁၂ ထဲကလူ့အဖွဲ့အစည်းကြီးဟာ ဘယ်လိုလူ့အဖွဲ့အစည်းမျိုးလဲ ဆိုတာကို ကြည့်ပါဦး။ သူ့ရဲ့ အုပ်ချုပ်ရေးစနစ်က လူသားဖြစ်မှု တန်းဖိုးမှန်သမျှကို ယုတ်လျော့ဖျက်ဆီးနေတဲ့ အာဏာပိုင်စနစ်မျိုးလို့ ဆိုရမယ်။ လွတ်လပ်စွာပြောဆိုမှု မဆိုထားနဲ့ လူသားရဲ့စိတ် ထဲက တွေးတောမှုတွေကိုတောင် ထိန်းချုပ်ဖို့ရာ စိတ်ထောက်လှမ်းရေးတပ်နဲ့ တကွလိုက်ပါ စောင့်ကြည့်နေတဲ့ စောင့်ကြည့်ကွပ်မတ်မှု အပြည့်နဲ့ လူ့အဖွဲ့အစည်းမျိုးပဲ ။

အဓိကဇာတ်ကောင်ကြည်သာရဲ့ သူ့အတွေး စိတ်ကူးတွေကို ဒိုင်ယာရီထဲ ချမှတ်ရေးသားခြင်းကိုက နိုင်ငံတော် သစ္စာဖောက်မှု ၊ပုန်ကန်မှုလို ကြီးမားတဲ့ အပြစ်ကို ကျူးလွန်ရာ ရောက်နေတဲ့ လူ့အဖွဲ့အစည်းမျိုးလို့ဆိုရမယ် ။

ရွှေပြည်ကြီးဟာ အာဏာဟူသမျှကို အဆုံးစွန်ဆုံးချုပ်ကိုင် ထားရုံ မကဘူး၊ သူ့ရဲ့ ဝါဒဖြန့်ချိမှုအမျိုးမျိုး၊ ဘာသာဗေဒစနစ် အတွင်းက ဝင်ရောက်ထိန်းချုပ်မှုပုံစံတွေကနေတစ်ဆင့် လူသားရဲ့ နှလုံးသား ကိုပါဝင်ချုပ်ကိုင်ထားခဲ့တယ်။ သူရဲကောင်း-သားကောင် ကြည်သာဟာ ဘဘကြီးရဲ့ ကယ်တင်တပ် ၊ ပြန်လိမ်ဌာနရဲ့ ထိန်းချုပ်မှုတွေကိုပါ ဆန့်ကျင်ပြီး ချစ်ခြင်းမေတ္တာကိုပါ ရှာဖွေ တွေ့ရှိခဲ့တယ်။ ချစ်ခြင်းမေတ္တာဟာ လူသားဖြစ်မှုကနေ ယုတ်လျော့ ခံရအောင် ထိန်းချုပ်ခံနေရတဲ့သားကောင် ကြည်သာအနေနဲ့ သူရဲကောင်းဆန်မှု ကို ပြန်လည်ထိတွေ့ဖို့အတွက် အကြီးမားဆုံး ရှာဖွေတွေ့ရှိမှုလည်းဖြစ်တယ်။

မေတ္တာတရားဟာ လူသားဆန်မှုရဲ့ အခြေခံအကျဆုံး အုတ်မြစ်ဖြစ်တယ်။

အဲဒီ လို လူသားဆန်မှုကို တွေ့ရှိလိုက်ပြီ ဆိုတာနဲ့ ကြည်သာ ဟာ ပုန်ကန်မှုကို ခပ်မြန်မြန်ပုံဖော်လာနိုင်ခဲ့တယ်။

ရွှေပြည်လူ့အဖွဲ့အစည်းဟာ ဖူးကိုးရဲ့စောင့်ကြည့်ကွပ်မှု (Surveillance)လုပ်နေတဲ့လူ့အဖွဲ့အစည်းပုံစံ နဲ့ ဒီလူးဇ်ရဲ့ ထိန်းချုပ်လူ့အဖွဲ့အစည်း ( Control Society) နှစ်ရပ်ကို အကြွင်းမဲ့ အာဏာပိုင်နိုင်ငံတော်အတွင်း ဖိနှိပ်မှု၊ ရက်စက်ကြမ်းကြုတ်မှုတွေနဲ့ ပေါင်းစပ်ထားတဲ့ လူ့အဖွဲ့အစည်းမျိုးဖြစ်တယ်။ နိုင်ငံတော်က အသိ ပညာရဲ့ နေရာအနှံ့အပြားမှာပါ ထိန်းချုပ်မှုတွေလုပ်ထားတယ်။

ယဉ်ကျေးမှုနဲ့ လူမှုရေး အလေ့အကျင့်တွေမှာ ၊ ဘာသာရေး ထုံးစံနဲ့ အလေ့အကျင့်တွေအထိ ထိန်းချုပ်မှုတွေလုပ်ထားတာကို တွေ့ရမယ်။

ဒါကို ကြည်သာနဲ့ တာယာတို့ရဲ့ စကားပြောခန်းတွေကနေ တစ်ဆင့်ဖော်ပြထားတယ်။

ဥပမာ -''(ဘာသာရေးခေါင်းဆောင်တွေက ) ဘာသာတရားတွေရဲ့ အနှစ်သာရအပြင် သူတို့ချမှတ်ချင်တဲ့ စည်းကမ်းတွေကိုလည်း အဆုံးအမတွေဖြစ်အောင် ဖန်တီးကြတယ်။ အဆုံးအမတွေကနေတစ်ဆင့် ခင်ဗျားတို့အပေါ်အကြောက်တရားနဲ့ ယုံကြည်ကိုးကွယ်မှုကို သွတ်သွင်း မယ်။ သူတို့ကို သူတို့လည်း ဘာသာတရားတွေကို အသုံးချပြီး သူတို့သြဇာကို ကြီးသထက်ကြီးအောင် ထူထောင်မယ်။ သူတို့ သြဇာကို ထိပါးနိုင်တဲ့ ဝေဖန်မှုမှန်သမျှ ဘာသာရေးတွေကို ဝေဖန်တယ် ဆိုပြီး သတ်မှတ်မယ်။ ဘာသာတရားဆိုတာ မဝေဖန်ရဘူး ဆိုတဲ့ ကန့်သတ်ချက်နဲ့ ပိတ်ပင် ထားတော့တာပဲ''( စာ- ၇၂ )

''လူငယ်က - ဓလေ့ထုံးတမ်းအစဉ်အလာတွေရဲ့ ကန့်သတ် ထားတဲ့

ဘောင်တွေထဲမှာပဲ ကျုပ်တို့က ရှင်သန်ရမှာလားဗျ၊ ကျုပ်တို့မှာလည်း စိတ်ကြိုက် ရှင်သန်နေထိုင်ခွင့် ရှိရမှာပဲ ခင်ဗျားကို ကျုပ်ပြောမယ်ဗျာ ကျုပ်တို့ လက်ထပ်ကြမယ်ဆိုပါစို့...၊ ပထမဆုံး ရွှေပြည်ကြီးရဲ့ မျိုးထိန်းဥပဒေကို အရင်ရင်ဆိုင်ရမယ် မျိုးထိန်းဥပဒေအရ ကျုပ်တို့နှစ်ဦးက ကိုးကွယ်တဲ့ ဘာသာတူ၊ မတူဆိုတာ စစ်ဆေးတာ ခံရမယ်၊ ဘာသာမတူလို့ တစ်ယောက်ယောက်က ဘာသာပြောင်းမယ် ဆိုရင် ဘာသာရေး အနှစ်သာရတွေကို ဘာတစ်ခုမှ မသိတဲ့သူတွေက ကျုပ်တို့ရဲ့ ယုံကြည်မှုကို စစ်ဆေးကြဦးမယ်။ လူတစ်ယောက်ရဲ့ ယုံကြည်မှုကို တခြားလူတွေက စစ်ဆေးတယ်ဆိုတဲ့ ကြောင်တောင် တောင် အလုပ်ကို လုပ်ကြရမှာ'' ( စာ -၉၂ )

ရွှေပြည်ကြီးမှာ ထိန်းချုပ်ထားတဲ့ အရာဟာ အစိုးရနဲ့ ပြည်သူကြားထဲမှာ ရှိနေတဲ့ ထိန်းချုပ်ခြင်း ပုံစံမျိုးတောင်မှ မဟုတ် တော့ဘူး။

ပြည်သူအချင်းချင်းကြားထဲက ဆက်ဆံရေးတွေကိုပါ ထိန်းချုပ်ထားတဲ့ ပါဝါမျိုးဖြစ်နေတယ်ဆိုတာကို ဝတ္ထုရေးဆရာက ထုတ်ဖော်ပြော ဆိုပြခဲ့တယ်။ တနည်းအားဖြင့် ပါဝါရဲ့ ထိန်းကျောင်း လည်ပတ်မှုပုံသဏ္ဍာန်ကို ရှုမြင်ရာမှာ မှူးသစ်ဟာ နေ့စဉ်လူနေမှုဘဝ အတွင်းက အလေ့အကျင့်တွေအထိ ဝင်ရောက်ထိန်းချုပ်နေတဲ့ ပါဝါရဲ့ အသေးငယ်ဆုံးသော အပိုင်းအထိ ဖော်ပြနိုင်ခဲ့တယ်။ လူအချင်းချင်းက ဆက်ဆံရေးကိုပါ ထိန်းချုပ်ထားတဲ့ ပါဝါရဲ့ ရှုထောင့်တိုင်းကို ထုတ်ပြခဲ့တယ်။ အစိုးရတစ်ရပ်ဟာ အများပြည်သူလူထုကိုသူတို့ရဲ့ အာဏာပါဝါအားကိုးနဲ့ ဖိနှိပ်နေပြီဆိုရင်တော့ အဲဒီ အစိုးရကို တော်လှန်တာ၊ မထောက်ခံ မရွေးချယ်တော့တာနဲ့ ဖြုတ်ချပြစ်လို့ရ နိုင်တယ်။ ဒါပေမယ့် အစိုးရတစ်ရပ်ဟာ လူအချင်းချင်းဆက်ဆံရေး ကြား၊ လူတွေရဲ့ နေ့စဉ်လူနေမှုဘဝအလေ့အကျင့်တွေအထိ ထိန်း ကျောင်းနေ မယ်ဆိုရင်တော့ အစိုးရတစ်ရပ်ကို ဖြုတ်ချလိုက်ရုံနဲ့ အဲဒီ လို ထိန်းချုပ်ခံရခြင်းတွေ ပျောက်ဆုံးသွားမှာ မဟုတ်ဘူး။ လူသားအချင်း ချင်းရဲ့

နေ့စဉ်လူနေမှုဘဝအလေ့အကျင့်တွေအထိ လိုက်ပါဖြေရှင်း ရမှာဖြစ်တယ်။

စာရေးသူက ဝတ္ထုမှာ နေ့စဉ်လူနေမှုဘဝထဲအထိ ထိန်းကျောင်းခံနေရတဲ့ ပါဝါလည်ပတ်မှုဖြစ်စဉ်ကို ထုတ်ဖော်ပြသပြီး ချက်ချင်းဆိုသလိုပဲ ကြည်သာနဲ့ ထရီဇာတို့ရဲ့ အချစ်ဇာတ်လမ်းကို ဖော်ပြလာတယ်။ ဒါဟာ လူ့အဖွဲ့အစည်းအတွင်း မေတ္တာတစ်ရားရဲ့ အရေးကြီးတဲ့ ဖြစ်စဉ်ကို ချက်ချင်းဆိုသလို မီးမောင်းထိုးပြလိုက်တာ လည်း ဖြစ်တယ်။

နေ့စဉ်လူနေမှုဘဝအတွင်းက ယုံကြည်မှုတွေ အလေ့အကျင့် တွေအထိ ထိန်းကျောင်းခံနေရတဲ့ လူ့အဖွဲ့အစည်းအတွက် ဒါတွေကို တွန်းလှန်ဖို့ရ လက်နက်တွေထဲကတစ်ခုဟာ မေတ္တာတရား ဖြစ်တယ် ဆိုတာကို ထုတ်ပြနေတယ်။ နောက်အဲဒီ မေတ္တာတရားအပေါ် ထိစပ်ခြင်းနဲ့အတူ ကြည်သာဟာ လူ့အဖွဲ့အစည်းရဲ့တရားမျှတမှုကို ရှာဖွေဖို့ တော်လှန်ပုန်ကန်သူတစ်ယောက်ဖြစ်လာတယ်။ ဘာပဲ ပြောပြော လူအချင်းချင်းဆက်ဆံရေးကြားထဲအထိ ဝင်ရောက်ထိန်းချုပ် နေတဲ့ ပါဝင်တွေကို ဆန့်ကျင်ဖို့ဆိုတာ မေတ္တာတရားနဲ့ တရားမျှတ မှုသာလျှင် ဖြစ်တယ်ဆိုတာကို ဝတ္ထုမှာ ရည်ညွှန်းထားပုံရတယ် ကြည်သာဆိုတာ စနစ်ဆိုးအတွင်းထဲက လူပဲ။ သားကောင်တစ်ဦးပါပဲ။

ဆိုးဝါးတဲ့ နိုင်ငံတော်ပါဝါ၊ အကန့်အသတ်မဲ့ ရက်စက်ကြမ်းကြုတ်မှုတွေကို လုပ်နိုင်စွမ်းရှိတဲ့ နိုင်ငံတော်ရဲ့ လွှမ်းမိုးခံရသူ။ တစ်ဖက်မှာ ကြည်သာဟာ အဲဒီ လို နိုင်ငံတော်ရဲ့ နိုင်ငံသားတွေ အပေါ်အမြဲထာဝရ ထိန်းချုပ်ဖို့ကြိုးစားတဲ့ မကောင်းမှုကို သိမြင်နေသလို၊ အဲဒီ လို မကောင်း မှု တိုက်စားဖို့ကြိုးစားနေသူလည်း ဖြစ်တယ်။ ကြည်သူက အမြဲတမ်း လွတ်လပ်စွာတွေးတောခွင့်ဆိုတာကို တွေးတယ်။ ဒါဟာ လူ့ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ကြဖို့ အခြေခံအကျဆုံး အပြုအမူတစ်ရပ်ဖြစ်တယ်။ ဘဘကြီးနဲ့ကယ်တင်တပ်က အဲဒီ အခြေခံအကျဆုံးလွတ်လပ်စွာတွေး တောမှုကိုပါ ချုပ်ကိုင်ထားကြတာ။

နောက်မေတ္တာတရားနဲ့ လူသား အချင်းချင်းဆက်ဆံရေးဆိုတာ လူသားဖြစ်မှုရဲ့ အခြေခံအုတ်မြစ်တွေ ဖြစ်ပြီး အဲဒီ အုတ်မြစ်တွေကိုပါ ရွှေပြည်ကြီးမှာ ဖျက်ဆီးထားတာကို ဝတ္ထုက ထုတ်ဖော်ပြသနေတာဖြစ်တယ်။ ကြည်သာ နောက်ဆုံးမှာ အနှိပ်စက်ခံရတဲ့ အပိုင်းနဲ့ အဆုံးသတ်သွားတယ် ။

ဒါပေမယ့် ဝတ္ထုက တင်ပြချင်တဲ့ အလင်္ကာကတော့ဖြင့်ပြီး သွားပြီလို့ မဆိုနိုင်ဘူး။ အကြောင်းကတော့ ကြည်သာ အနှိပ်စက်ခံ နေရခြင်း၊ မာကျောနေခြင်းဟာ ရက်စက်ကြမ်းကြုတ်တဲ့ နိုင်ငံ တော်လက်အောက်ကနေ လူသားဆန်မှုတွေ ဆက်လက်ဖြစ်ပေါ်နေ ဖို့တိုက်ပွဲသာလျင် ဖြစ်တယ်ဆိုတာကို တွေ့ရမယ်။ ပြန်ချုံ့ရရင် စားရေးသူ မှူးသစ်က သူ့ဝတ္ထုမှာ အနာဂတ်ကာလအတွင်းက ခုနှစ် တွေကို အလင်္ကာသဖွယ်အသုံးပြုရင်း ယနေ့ ပစ္စုပ္ပန်ကာလမှာတော့ ဖြင့် ကောင်းမွန်တဲ့ လူ့အဖွဲ့အစည်းဆိုတာ ပြိုကွဲသွားခဲ့ပါပြီ၊ လူသား အချင်းချင်းကြားက ဆက်ဆံရေးနဲ့ နေ့စဉ်လူနေမှုဘဝတွေထဲအထိ ဝင်ရောက်ထိန်းချုပ်ခံနေရပါပြီ ၊ အဲဒီ လို လူသားအချင်းချင်းဆက်ဆံ ရေး တွေထဲအထိ ဝင်ရောက်စွက်ဖက်ခြင်းအားဖြင့် နိုင်ငံတော်ဟာ သူ့ရဲ့ပါဝါကို တိုးပွားသထက်တိုးပွားအောင် လုပ်လို့ရတယ်ဆိုတာကို လည်း သူတို့တွေ သိလာခဲ့ပြီး စနစ်တကျနဲ့ ကြောက်မက်ဖွယ်ရာ အာဏာကို ဖန်တီးနေခဲ့ပြီ ။

ဘဘကြီးနဲ့ကယ်တင်တပ်တို့ သူ့နိုင်ငံသားတွေရဲ့သိစိတ်ထဲ အထိ ဝင်ရောက်ထောက်လှမ်းခြင်း ဝါ နေ့စဉ်လူနေမှုအလေ့အကျင့်တွေ ထဲအထိ ဘာသာရေးယဉ်ကျေးမှု ဆိုင်ရာတွေနဲ့ ဝင်ရောက်ထိန်းချုပ်ခြင်း အားဖြင့် နိုင်ငံသားတွေကို အကြွင်းမဲ့ အမိန့်နာခံမှုကို တောင်းဆိုနေခဲ့ပြီ။ နိုင်ငံသားတွေရဲ့ ပုဂ္ဂလိက ဘဝထဲအထိဝင်ရောက်ထိန်းချုပ်ခံနေရ တာကြောင့် တစ်သီးပုဂ္ဂလလွတ်လပ်မှု ၊ ပုဂ္ဂလိကဘဝလွတ်လပ်မှု ( Personal Freedom) ဆိုတာ ပျောက်ဆုံးနေခဲ့ပြီ။ ဒါပေမယ့် လည်းတစ်ဖက်မှာ အစိုးရဟာ လူသားဘဝရဲ့အခြေခံအကျဆုံးအရာမှန် သမျှကို ဖျက်ဆီးခြင်း၊ လူသားရဲ့ အတွေးထဲ၊

နေ့စဉ်လူနေမှုဘဝထဲ အထိဝင်ရောက်ထိန်းချုပ်ခြင်းအားဖြင့် မေတ္တာ၊ တရားမျှတမှုနဲ့ တော်လှန်ပုန်ကန်ခြင်းဆိုတာတွေကို ရပ်တန့် အောင် မလုပ်နိုင်ဘူး ဆိုတာကို ဝတ္ထုရဲ့ အတွင်းသားအနှစ်သာရအဖြစ်တွေ့ရမယ်။ ဘယ်လို ပဲ ဖြစ်ဖြစ်ပါ။ ကိုမှူးသစ်ဟာ သူ့ရဲ့ ရွှေပြည် ၅၀၁၂ ကနေ ထုတ် ဖော်ပြောဆိုနေတာက ဂျော့ချ်အိုဝဲလ်မျှော်မှန်းကြောက်ရွံ့ခဲ့တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ဟာဖြင့် ဆက်လက်ဖြစ်ပျက်နေခဲ့ပြီ၊ ယနေ့ကာလ ကျွန်တော်တို့ရဲ့ လူ့အဖွဲ့အစည်းထဲမှာ အမှန်တကယ် ဖြစ်ပျက်နေပါပြီ ဆိုတာကို ထုတ်ဖော်ပြထားပုံရတယ်လို့ ဆိုချင်ပါတယ်။

ဘဘကြီးနှင့်ကယ်တင်တပ်များ ကျဆုံးပါစေ- ကိုမှူးသစ်

**မင်းခက်ရဲ**

*

## စာရေးဆရာမ ဝင့်ပြုံးမြင့်ရဲ့ အမှာ

ရွှေပြည် ၅၀၁၂ စာအုပ်သည် ကမ္ဘာ့နိုင်ငံရေးပညာရှင် ဂျော့အိုဝဲလ်၏ ၁၉၈၄ ဝတ္ထုကို ကျောရိုးမှီသာ ယူထားခြင်းဖြစ်ပြီး ကိုယ်ပိုင်ဟန် ကိုယ်ဆန်းသစ်တီထွင်ထားသော ဝေါဟာရများဖြင့် စာဖတ်သူကို ဆန်းပြားသလောက် အသားကျနေသော၊ အသားကျ သလောက် ဆန်းပြားနေသော ခေတ်အခြေအနေတစ်ခုစီ လက်တွဲခေါ်သွားမည့် ဝတ္ထုသို့မဟုတ် ပရိယာယ်မပါ မာယာမနှော လူငယ်တစ် ယောက်၏ ရဲရဲတောက်ပေါက်ကွဲသံစဉ်ဟု ဆိုက်လိုက်ပါရစေ။

**ဝင့်ပြုံးမြင့်**

* * *

# လွန်းဆက်နိုးမြတ် အမှာ

မှူးသစ်။ ကဗျာရေးသော လူငယ်တစ်ယောက်။ အခြားအမည်တစ်မျိုးဖြင့် ပရော်ဖက်ရှင်နယ်သတင်းထောက် တစ်ယောက်အဖြစ်လည်း သတင်းဆောင်းပါးရေးသားသူ။ သူ့ကဗျာ တွေက အားပါသည်။ သူ့သတင်းဆောင်းပါးတွေက အားကောင်း သည်။ သည်ဘက်ခေတ်တွင် ကဗျာရော ဆောင်းပါးရော စာပေပုံ သဏ္ဌာန်နှစ်မျိုးစလုံးရေးသားနေသော သူတွေ ရှိပါလိမ့်မည်။ ဆောင်းပါးမပီ ကဗျာမမီတွေ ရေးသားပြီး ကျင်လည်နေသော လူများ စာပေလောကမှာ အောတိုက်နေသည်။ ကဗျာကို ကဗျာလို ဆောင်းပါး ကို ဆောင်းပါးလို သူ့စာပေ အမျိုးအစားနှင့်သူ ကျကျ နနရေး တတ်ဖို့ရာကျ မလွယ်။

မှူးသစ်သည် ကဗျာ၊ ဆောင်းပါး ကျရာကို ပီပြင်ထင်လင်း အောင် ရေးဖွဲ့တတ်သော စာပေသမားအနည်းငယ်ထဲမှ တစ်ယောက်။ ယခု သူက ဝတ္ထုရှည်တစ်ပုဒ်ရေးထုတ်လာသည်။

ပွင့်ပွင့်လင်းလင်းပြောရလျှင် ကဗျာတွေအပေါ် သူ့ခွန်အား စိုက်ထုတ်မှုကို ယုံကြည်ထားပြီးသလောက်၊ သတင်းဆောင်းပါး တွေအပေါ် သူ့အချက်အလက်တွေးဆချက်များအား သဘောကျမိ သလောက်၊ ထို့အပြင် သူ့သရော်စာအချို့ကို နှစ်သက်မိသလောက် သူ့ဝတ္ထုရှည် အရေးအသား (စကားပြေ) ကိုကျတော့ သိပ်အထင် မကြီးထား။ ဒါကလည်း အကြောင်းတွေရှိသည်။ သူသည် ဝတ္ထု သမားမဟုတ်ဟူသော အမြင်သေ တစ်ခုကြောင့်ပင်။

စင်စစ် ဝတ္ထုဆိုသည်မှာ မြန်မာစာရေးတတ်သူ မည်သူမဆို ရေးမည်ဆိုလျှင် ရေးဖြစ်ပါသည်။ ကိုယ်ဖန်တီးချင်သော ဇာတ်လမ်း အကြောင်းအရာ၊ ကိုယ်တင်ပြချင်သော မက်ဆေ့ချ်၊ ကိုယ်ပြောချင်သော ဒိုင်ယာလော့ခ်၊ စသည်တို့ကို အံဝင်ဂွင်ကျ ကောက်စွပ်လိုက်ရုံဖြင့်ပင်

ဝတ္ထုတစ်ပုဒ်ဖြစ် မြောက်ပါသည်။ ထိုသို့ဖြင့် စာရေးဆရာများစွာတို့သည် ပရိသတ်ကြိုက် ပုံသေနည်းများသုံးကာ အရောင်းရဆုံးစာရေးဆရာ စာရင်းထိပ်ဆုံးတွင် ရပ်တည်သွားကြသည်။ အရောင်းရဆုံး စာရေး ဆရာများစွာတို့တွင် အနုပညာရှိ မရှိ သေချာမသိနိုင်သော်လည်း ပုံသေ နည်းတစ်ခုတော့ အသေအချာရှိသည်။ ၎င်းမှာ ပရိသတ် အကြိုက်လိုက်ခြင်းပင်။

ပရိသတ်အကြိုက်သို့လိုက်ခြင်း မလိုက်ခြင်းကို စိတ်မဝင်စား။ ပရိသတ်ကြိုက်ချင်လည်း ကြိုက်မည်။ မကြိုက်ချင်လည်း မကြိုက်။ ကိစ္စမရှိ။ တောင်တွေရှိသဖြင့် တောင်တက်နေရသော တောင်တက် သမားများလို။

ရေးစရာရှိသဖြင့် ဝတ္ထုရေးသားနေသူ စာရေးဆရာတွေလည်း များစွာ ရှိသည်။ များသောအားဖြင့် ထိုဝတ္ထုများသည် မြန်မာပြည်စာ ပေဈေးကွက်တွင်တော့ လူကြိုက်သိပ်မများလှ။

ယခု မှူးသစ်ဝတ္ထုရေးသည်။ ဝတ္ထုနာမည်က ''ရွှေပြည် ၅၀၁၂''၊ စာအုပ်အစမှာကတည်းက ဆရာမဝင်းပြုံးမြင့်ဘာသာပြန် သော ဂျော့အော်ဝဲလ်၏ ''၁၉၈၄'' ဝတ္ထုကျောရိုးကို အနည်းငယ်မှီ ငြမ်းသည်ဟု ရိုးရိုးရဲရဲဝန်ခံထားသည်။ ဆက်ဖတ်ကြည့်သည်။ ရှည်လျားပေများသော ဝါကျထုံးဖွဲ့မှုကို ရှောင်ထားသည်။ မလိုအပ်ဘဲ နှုန္တမနေ။ ဒိုင်ယာလော့ခ်တွေမှာ စာရေးသူ၏ ဝမ်းစာဖြည့်ဆည်းထား မှုကို တွေ့ရသည်။ အပိုအလိုမရှိသော အခန်းအကူးအဆက်။ ရင်းနှီး လွယ်သော ဇာတ်ကောင်စရိုက်များ၊ ငွေ့လုံးများ၊ ပင်မဇာတ်ကျောရိုးမှ သွေဖည်သွားနိုင်၊ လမ်းလွဲသွားနိုင်ပါလျက် အလိုက်သင့် လောဘ သတ်နိုင်မှုရှိသည်။ ဝတ္ထုဆုံးသွားသည်။ စိတ်ထဲမှာ အများကြီးကျန်ခဲ့ သည်။ စိတ်ထဲမှာသည်လို ကျန်ခဲ့တာ မကြိုက်သော သူများ၊ ပြီးပြီး ပျောက်ပျောက်နိုင်သူများအတွက်တော့ သူ့ဝတ္ထုကို ရှောင်ဖတ်လျှင် ကောင်းမည်။ ဝတ္ထုသည် ပထမနာမ်စားဇာတ်ပြောဟန် ရေးဖွဲ့ထား သည်။ ပင်မဇာတ်ကောင် ''ကြည်သာ'' ကြုံတွေ့ရသော ဖြစ်စဉ်များ သည် ဇာတ်လမ်းဖြစ်လာသည်။ ဝတ္ထုထဲမှာ တာယာအမည်ရှိ ဇာတ်ကောင်လည်း

ပါရှိသည်။ ထိုဇာတ်ကောင်ရေးသော ကဗျာ တွေပါသည်။ လက်မထပ်ဘဲ အတူနေတာပါသည်။ လူထုဆန္ဒပြပွဲတွေ ပါသည်။ ဘဘကြီးနှင့် ကယ်တင်တပ်ပါသည်။ ရုပ်မြင်ထိန်းချုပ် စက်ပါသည်။

အထူးသဖြင့် ဖတ်ရှုနေကြ ဝတ္ထုစာအုပ်များတွင် မပါရှိသော ''သိမှုလှုံ့ဆော်ချက်''များပါသည်။

မှူးသစ်၏ ''ရွှေပြည် ၅၀၁၂''ဝတ္ထုကို ကြိုက်ခြင်း မကြိုက်ခြင်း၊ ကောင်းခြင်း မကောင်းခြင်း ဘာမှ မပြောလို။ ပြောဖို့ လည်း မသင့်။ ပြောလည်း မပြောအပ်။ တောင်တွေရှိသဖြင့် တောင် တက်နေရသော တောင်တက်သမားများလို။ ရေးစရာရှိသဖြင့် ဝတ္ထု ရေးသားနေသူ စာရေးဆရာများစွာထဲသို့ နောက်ထပ်စာရေး ဆရာတစ်ယောက် ဖြည့်စွက်ရောက်ရှိလာပြီဟုတော့ မြင်လိုက်သည်။

**လွန်းဆက်နိုးမြိတ်**

*

''အကြမ်းဖက်နေတဲ့ ကမ္ဘာ''

လူတွေဟာ လူဖြစ်ပြီးတော့မှ

လူ့အခွင့်အရေးကို တန်ဖိုး မထားတတ်ကြတဲ့အခါ

လူတွေဟာ လူစင်စစ်မှ ဟုတ်ပါလေစ

ကမ္ဘာကြီးမှာ နာကျင်နေတဲ့ ငြိမ်းချမ်းရေးနဲ့ ချစ်မေတ္တာတရားဟာ ဘယ်လို နည်းနဲ့များ လူ့အဖွဲ့အစည်းကို

ကယ်တင်ပေးနိုင်လေမလဲ

ခေတ်ကြီး ကစလို့ သစ်ရွက်လေးတွေ

ကြွေကျသွားတဲ့အထိ

ဆောင်းခိုငှက်တွေ ပျံသန်းသွားကြတဲ့အထိ

ပြက္ခဒိန်ပေါ်မှာတင်

ကုန်ဆုံးသွားတဲ့ ရာသီဥတု တွေအထိ

စားပွဲပေါ်မှာတင် ပြီးဆုံးသွားတဲ့

ရေမီးစုံ ငြိမ်းချမ်းရေး ပါမစ်တွေအထိ

စကားလုံးလှလှတွေအောက်မှာ

ပရိုပိုဆယ်တွေ အတွက် ရှင်နေရတဲ့

လူသားချင်းစာနာမှုတွေအထိ

ဘာကိုမှ ယုံကြည် ချင်စရာ မကောင်းတော့တဲ့ကမ္ဘာမှာ

လူတွေဟာ လူဖြစ်ပြီးတော့မှ လူလူချင်း တန်ဖိုးမထားတတ်ကြတဲ့အခါ လူတွေဟာ လူစင်စစ်မှ ဟုတ်ပါလေစ။

လူတွေဟာ ကမ္ဘာကြီးကို မျက်ရည်ယို ဗုံးတွေနဲ့ ကယ်တင်မလို့တဲ့ အမုန်းတရားတွေက မရပ်တန့်တဲ့ မိုးတွေလိုရွာ

လူနဲ့ အမှတ်အသားတွေဟာ

ဒဏ်ရာဒဏ်ချက်တွေ သိပ်များတယ် ဆိုတာ

ရှင်သန်သမျှ အသားအရောင်တွေက

အမုန်းအမှားဆုံးဖြတ်ချက် တွေပေးလို့

လူ့အခွင့်အရေးဆိုတာ လူနားမလည်တဲ့

ဘာသာစကား တစ်ခုဖြစ်နေတဲ့ ကမ္ဘာ

ယုံကြည်ကိုးကွယ်မှုနဲ့ အကြမ်းဖက်တရားဟာ

ခွဲခြားမရတော့တဲ့ ကမ္ဘာ

အသားအရောင်အလိုက်

လူ့အခွင့်အရေးနဲ့ ရပိုင်ခွင့်ကို ခွဲခြားစိတ်ဖြာလိုက်တဲ့ ကမ္ဘာ အကြမ်းဖက်လက်နက် တွေကိုမကိုင်

ဖတ်စာအုပ်ကလေးတွေ ကိုင်ထားကြတဲ့

ကလေးတွေ အားလုံး ရက်ရက်စက်စက်သက်

အသတ်ခံရတဲ့ကမ္ဘာ

အာဏာကို မလုပါဘူး

ကိုယ်ပိုင်တဲ့ လယ်ယာမြေကလေးပြန်ရဖို့

ငေးကြည့်မိရုံပါ ဆိုတဲ့ တောင်သူ အဒေါ်ကြီးတစ်ယောက်

ဦးခေါင်းနဲ့ မမျှတဲ့ ကျည်ဆန် အောက်မှာ

အသက်ပျောက်ခဲ့ရတဲ့ ကမ္ဘာ

အကြမ်းဖက်တရားနဲ့ ခွဲခြား မရတော့တဲ့ ကမ္ဘာကြီးမှာ

လူတွေဟာ လူဖြစ်ပြီးတော့မှ

ငြိမ်းချမ်းရေးနဲ့ ချစ်မေတ္တာတရား ပျောက်ဆုံးနေကြတဲ့အခါ

လူတွေဟာ လူစင်စစ်မှ ဟုတ်ပါလေစ

အကြမ်းဖက်ကမ္ဘာကြီးမှာ

လူသတ်ဝါဒနဲ့ အစွန်းရောက် တရားကို လက်ဖဝါးတင်ပြီး

ဥုံဖွလို့ ရေရွတ်လိုက်ရုံနဲ့

ပျောက်ကွယ် သွားဖို့

တစ်ယောက်ဒဏ်ရာတွေကို

တစ်ယောက်က နာကျင်ပေးတတ်တဲ့

ယဉ်ကျေးသောကမ္ဘာကြီး ဖြစ်လာဖို့..

ဆုတောင်းလို့မှ ကောင်းပါလေစ

အကြမ်းဖက်သမားတွေ မွေးထုတ်နေတဲ့

ဟော့ဒီ ကမ္ဘာကြီး သံသရာအဆက်ဆက်မှာ

သားလျှောပါစေကြောင်း ဆုတောင်း မေတ္တာ ပို့သလိုက်ပါရဲ့...။

*